## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြု စီမံကိန်း

# “ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကျား-မတန်းတူ ပါဝင်ပေး”

# ကျေးရွာရှိ အမျိုးသားများနှင့် အမျိုးသမီးများ၏ ပါဝင်မှုနှင့် လုပ်ပိုင်ခွင့်/အာဏာ (power) ကို ဆန်းစစ်ခြင်း

ပထမဆုံးအဆင့်အနေနှင့် ကျေးရွာအမျိုးသမီးများနှင့် အမျိုးသားများ၏စွမ်းရည်/လုပ်နိုင်စွမ်းကို ဆန်းစစ်ရန် လေ့ကျင့်ခန်း ပြုလုပ်ရမည်။

ကျေးရွာရှိ ဆွေးနွေးပွဲတက်ရောက်သူများကို မိမိတို့ ဘာအလုပ်လုပ်သည်၊ မိသားစုတွင် မည်သည့်တာဝန် ယူထားသည်ကို ကျား၊ မ ခွဲ၍ မေးမြန်းပါ။ ပြီးလျှင် ၎င်းတို့အား မှတ်သား၍ စက္ကူတွင် တစ်ယောက်ချင်းစီ ချရေးပြီး မိမိတို့ တာဝန်ယူထားသည့်အတိုင်း တစ်ဦးချင်းစီကို ကပ်ထားပါ။ (ဥပမာ- လယ်သမား အမျိုးသား၊ အိမ်ထောင်ဦးစီး အမျိုးသား၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ ဈေးရောင်းသော အမျိုးသမီး၊ စီးပွားရေးလုပ်ငန်းရှင် အမျိုးသား၊ လယ်သမား အမျိုးသမီး၊ ကျပန်းလုပ်သော အမျိုးသား၊ မသန်စွမ်းသော အမျိုးသား၊ ကျပန်းလုပ်သော အမျိုးသမီး.. စသဖြင့်)

ပြီးလျှင် ဆွေးနွေးပွဲပြုလုပ်သည့် နေရာ၏ အလယ်တွင် မျဉ်းတစ်ကြောင်း ရေးဆွဲပါ။ (စက္ကူတိပ်ဖြင့် ရေးဆွဲနိုင်သည်။) တက်ရောက်သူများကို ထိုမျဉ်းကြောင်းပေါ်တွင် တစ်ပြေးညီ ရပ်စေပါ။ ထို့နောက် ဦးဆောင်ဆွေးနွေးသူမှ ဤပြုလုပ်မည့် လေ့ကျင့်ခန်းကို သေချာရှင်းပြပါ။

ရှင်းပြရန်မှာ- ဦးဆောင်ဆွေးနွေးသူမှ အောက်ပါဖော်ပြချက်များကို တစ်ခုချင်းစီအလိုက် ဖတ်ပြမည်ဖြစ်ပြီး ဆွေးနွေးပွဲတက်ရောက်သူများမှ ဖတ်ပြသော ဖော်ပြချက်များကို သေချာစွာနားထောင်၍ မိမိသည် ထိုဖော်ပြချက်များကို လုပ်ဆောင်နိုင်ပါက ရှေ့တစ်လှမ်းတိုး၍ မလုပ်ဆောင်နိုင်ပါက နောက်တစ်လှမ်း ဆုတ်ပါ။ ထိုနည်းအတိုင်း ဖော်ပြချက်များကို တစ်ခုပြီး တစ်ခု ဖတ်သွားပြီး ဆွေးနွေးရန် ဖြစ်ပါသည်။

ဖော်ပြချက်များ

(၁) ကျွန်တော်/မ သည် တစ်နေကုန် အလုပ်လုပ်ပြီးတဲ့နောက် ညနေပိုင်းတွင် အနားယူနိုင်သည်။
(၂) ကျွန်တော်/မသည် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ပိုရသည်။
(၃) ကျွန်တော်/မသည် ညဘက်တွင် လွတ်လပ်စွာ သွားလာနိုင်သည်။
(၄) ကျွန်တော်/မသည် နေမကောင်း၍ ဆေးခန်းသွားရောက် ပြသလိုပါက ပြသခွင့်ရှိသည်။
(၅) ကျွန်တော်/မသည် ဝင်ငွေပေါ် ထိန်းချုပ်နိုင်မှုရှိသည်။ (ဝင်ငွေကို သင့်စိတ်တိုင်းကျ သုံးစွဲနိုင်ခွင့်ရှိသည်။)
(၆) ကျွန်တော်/မသည် မိသားစုတွင် ဆုံးဖြတ်ချက်ပေးနိုင်သောသူ ဖြစ်သည်။
(၇) ကျွန်တော်/မသည် မည်သည့် ကျေးရွာအစည်းအဝေးတွင်မဆို ပါဝင် တက်ရောက်ခွင့်ရှိသည်။
(၈) ကျွန်တော်/မသည် ကျေးရွာကော်မတီများတွင် ပါဝင်ချင်ပါက လွတ်လပ်စွာပါဝင်ခွင့်ရှိသည်။
(၉) ကျွန်တော်/မသည် ကျေးရွာတွင် ရပ်ကွက်/လူကြီးအဖြစ် ခန့်ထားခြင်း ခံရနိုင်သည်။
(၁၀) ကျွန်တော်/မ၏ အကြံဉာဏ်များသည် ကျေးရွာ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းတွင် ထင်ဟပ်မှုရှိသည်။
(၁၁) ကျွန်တော်/မသည် ကျေးရွာအစည်းအဝေးများကို ဦးဆောင် ဆောင်ရွက်နိုင်သည်။
(၁၂) ကျွန်တော်/မသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခေါင်းဆောင်နေရာမှ ပါဝင်နိုင်သည်။

**ဆွေးနွေးပွဲ တက်ရောက်သူများကို မိမိတို့ ကျရာနေရာတွင် ရပ်နေစေပြီး အောက်ပါမေးခွန်းများ ဖော်ထုတ် ဆွေးနွေးပါ။**

(၁) ဒီလေ့ကျင့်ခန်းလေး လုပ်ရတဲ့အခါမှာ ဘာခံစားရလဲ။
(၂) ရပ်တုန်းက တူတူရပ်ခဲ့ပြီး နေရာတွေ ရွှေ့သွားတဲ့အခါ ဘာခံစားရလဲ။
(၃) နောက်ဆုံးလူက ဘယ်လို ခံစားရလဲ။
(၄) ရှေ့ဆုံးလူကကော ဘယ်လို ခံစားရလဲ။
(၅) ဘာကြောင့် ဒီလိုကွဲသွားတာလဲလို့ ထင်တာလဲ။

ဆွေးနွေးချက်များကို မှတ်သားထားပြီး (ဥပမာ - အများအားဖြင့် အမျိုးသမီးများနှင့် ထိခိုက်လွယ်အုပ်စုများသည် နောက်ဆုံးတွင် ရှိနေတတ်သည်။) ထိုသို့မတူညီမှုများ ရှိနေသည့်အတွက် အမျိုးသားများနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များသည် မတူညီကြပါ။ ရရှိနေသည့် အခွင့်အရေးများမှာ မတူညီကြပါ။ ပါဝင်ခွင့်များသည် မတူညီကြပါ။ ဆုံးဖြတ် ပိုင်ခွင့်များသည် မတူညီကြပါ။ ထို့ကြောင့် လူထုဗဟိုပြု စီမံကိန်းတွင် ချန်လှပ်ထားခံရခြင်း၊ ပါဝင်ခွင့် မရခြင်း မရှိစေရန်အတွက် ကျား-မရေးရာ လိုအပ်ချက်များကို ထည့်သွင်း အကောင်အထည်ဖော်ထားခြင်း ဖြစ်သည်။

ထိုလိုအပ်ချက်များမှာ -



အ.မ.က
ကျောင်း

# (၁) ကျေးရွာစီ/ထောက်ကော်မတီနှင့် ကျေးရွာအုပ်စု စီ/ထောက်ကော်မတီတို့တွင် အမျိုးသမီးနှင့် အမျိုးသား အချိုးညီစွာ (၅၀း၅၀) ပါဝင်ရန်

မေးမြန်းရန်။ ။ ဘာပုံလို့ထင်လဲ။ ဘာကြောင့် ဒီလိုအပ်ချက်ရှိဖို့ လိုအပ်တာလဲ။ ဒီလိုအပ်ချက်တွေ အကောင်အထည်ဖော်တဲ့အတွက် ဘာတွေအကျိုးရှိမယ်လို့ထင်လဲ။

| ဘာကြောင့် လိုအပ်သနည်း။ | ဘာအကျိုးရှိမည်နည်း။ |
|---|---|
| စီမံကိန်း အစီအစဉ် ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ကျေးရွာကော်မတီများသည် အဓိက တာဝန်ရှိသူများ ဖြစ်သည့်အပြင် ငွေကြေးစီမံခန့်ခွဲမှုများကိုလည်း ဆောင်ရွက်ကြသည်။<br><br>၅၀း၅၀ အချိုးညီမျှမှုဆိုရာတွင် အရေအတွက်ကိုသာ ပြောခြင်းမဟုတ်ပါ။ အမျိုးသမီးများ၏ တက်တက်ကြွကြွပါဝင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရမည့်အပြင် အမျိုးသမီးများ ပါဝင်လာနိုင်ရန်လည်း တွန်းအားပေးမှုများ အရေးကြီးပါသည်။ အမျိုးသမီးဟုဆိုရာတွင် အုပ်စုတစ်စု၊ လူမျိုးတစ်မျိုးကိုသာ ရည်ရွယ်ခြင်း မဟုတ်ပါ။ လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းစီမံကိန်းများတွင် အမျိုးမျိုးသော အမျိုးသမီးထုများ၊ ဖယ်ကြဉ်ခံထားရသော အမျိုးသမီးများအားလုံးကိုလည်း ပါဝင်လာနိုင်အောင် စည်းရုံးတွန်းအားပေးခြင်းများ ပါဝင်ပါသည်။ | ဥပမာ -<br>• အမျိုးသမီးများကို ကျေးရွာအစည်းအဝေးများတွင် နေရာပေးလာကြတယ်။<br>• အမျိုးသမီးများ၏ လုပ်ဆောင်နိုင်စွမ်း/စွမ်းရည်တွေ တိုးတက်လာကြတယ်။<br>• အမျိုးသမီးများနှင့် အမျိုးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် စီမံကိန်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့လာတယ်။<br>• အမျိုးသမီး ကိုယ်စားပြုမှုများ တိုးတက်လာပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုပါဝင် လာတယ်။<br>• အမျိုးသမီးများနှင့် အမျိုးသားများသည် စာရွက်စာတမ်းထိန်းသိမ်းသည့် နည်းစနစ်များ စနစ်တကျ ကျင့်သုံးတတ်လာတယ်။ |

# ၅♂% = ၅♀%



## (၂) ဆပ်ကော်မတီတိုင်းတွင် အမျိုးသမီးတစ်ဦး အနည်းဆုံးပါဝင်ရန်

**မေးမြန်းရန်။** ဘာပုံလို့ထင်လဲ။ ဘာကြောင့် ဒီလိုအပ်ချက်ရှိဖို့ လိုအပ်တာလဲ။ ဒီလိုအပ်ချက်တွေ အကောင်အထည်ဖော်တဲ့အတွက် ဘာတွေအကျိုးရှိမယ်လို့ထင်လဲ။

| ဘာကြောင့် လိုအပ်သနည်း။ | ဘာအကျိုးရှိမည်နည်း။ |
|---|---|
| ဆပ်ကော်မတီများသည် အရေးကြီးသော အခန်းကဏ္ဍတွင် လှုပ်ရှားနေရပြီး စီမံခန့်ခွဲမှုများကို နေ့စဉ် ဆောင်ရွက်ရပါသည်။ ထိုကဏ္ဍများ အထူးသဖြင့် ဘဏ္ဍာရေးနှင့် ဝယ်ယူရေးများတွင် အမျိုးသမီးများကို ပါဝင်စေခြင်းဖြင့် ၎င်းတို့၏ စီမံခန့်ခွဲမှုများနှင့် ဦးဆောင်မှုစွမ်းရည်များ မြင့်တက်လာစေမည်ဖြစ်သည်။ အမျိုးသမီးများ ပူးပေါင်းပါဝင်ခြင်းသည် တူညီသော အကျိုးကျေးဇူးနှင့် ရပ်ရွာအလုပ်များကို ကူညီလုပ်ကိုင်ပေးခြင်းတို့ကို အထောက်အကူပြုပါသည်။ ထို့အပြင် အမျိုးသမီးများ လူထုတွင် ဦးဆောင်ခြင်းကိုလည်း မြှင့်တင်ပေးသည်။<br><br>အထူးသတိထားရန်မှာ အမျိုးသမီးများသည် အရေအတွက်အားဖြင့်သာမက ၎င်းတို့ ခေါင်းဆောင်သည့်နေရာ၊ ဆုံးဖြတ်ချက်ချနိုင်သည့်နေရာများတွင် အမှန်တကယ် ပါဝင်နိုင်ခြင်း ရှိ/မရှိ သုံးသပ်ရန်လည်း လိုအပ်ပါသည်။ ထိုသို့ ပါဝင်နိုင်ခြင်းမရှိပါက အမျိုးသမီးများအား ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ တက်တက်ကြွကြွနှင့် ပိုမိုပါဝင်လာစေရန် တွန်းအားပေး လုပ်ဆောင်နိုင်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ | ဥပမာ -<br>• အမျိုးသမီးများသည် ဘဏ်စာရင်းများ ဖွင့်တတ်လာခြင်း၊ အိမ်၏ ကုန်ကျငွေများအား စာရင်းမှတ်ခြင်း၊ မိသားစု ဝင်ငွေ/ထွက်ငွေ စနစ်တကျ တွက်ချက်တတ်လာခြင်း အစရှိသည့် ငွေကြေး စီမံခန့်ခွဲမှုများ တိုးတက်လာပါတယ်။<br>• အမျိုးသမီးများသည် ဈေးပြိုင်စနစ်များ နားလည်လာပြီး လုပ်ငန်းခွဲတွင် အသုံးပြုသော ပစ္စည်းများ၏ အရည်အသွေးပိုင်းဆိုင်ရာကိုပါ နားလည်လာနိုင်တယ်။ အချို့ကျေးရွာများတွင် အမျိုးသမီးများသည် အိမ်ထောင်စုတွင် ပြန်လည် အသုံးချလာနိုင်ကြတယ်။<br>• အမျိုးသားများနှင့် အမျိုးသမီးများသည် လုပ်ငန်းခွဲများ လုပ်ကိုင်ရာတွင် အပေးအယူမျှပြီး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ၏ အကြံဉာဏ်များကို ထည့်သွင်း စဉ်းစားလာကြတယ်။<br>• အမျိုးသမီးများသည် ၎င်းတို့ ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါပုံကို နားလည် သဘောပေါက်ပြီး လူထုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးများတွင် တက်ကြွစွာ ပါဝင်လာကြတယ်။ |

## ဝယ်ယူရေးဆပ်ကော်မတီ





## ဘဏ္ဍာရေးဆပ်ကော်မတီ



# (၃) ကျေးရွာစီ/ထောက်ကော်မတီနှင့် ကျေးရွာအုပ်စုစီ/ထောက်ကော်မတီတွင် အမျိုးသမီးခေါင်းဆောင်/ဥက္ကဋ္ဌတစ်ဦး ပါဝင်ရန်

**မေးမြန်းရန်။** ဘာပုံလို့ထင်လဲ။ ဘာကြောင့် ဒီလိုအပ်ချက်ရှိဖို့ လိုအပ်တာလဲ။ ဒီလိုအပ်ချက်တွေ အကောင်အထည်ဖော်တဲ့အတွက် ဘာတွေအကျိုးရှိမယ်လို့ထင်လဲ။

| ဘာကြောင့် လိုအပ်သနည်း။ | ဘာအကျိုးရှိမည်နည်း။ |
|---|---|
| တစ်ခါတစ်ရံတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့် ကလေးသူငယ်ပြုစုရေးအပြင် အခြားသော ဝင်ငွေရလုပ်ငန်းများနှင့်လည်း အချိန်ကုန်နေကြရသောကြောင့် စီမံကိန်းရှိ အရေးကြီးသော ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရန် ခက်ခဲနေပေလိမ့်မည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်လာနိုင်ရန်အတွက် ခေါင်းဆောင်တာဝန်များကို အမျိုးသားများနှင့် ပူးပေါင်း တာဝန်ယူလုပ်ကိုင်ခြင်း၊ အမျိုးသမီး/အမျိုးသားကြား အိမ်တွင်း/ အိမ်ပြင် တာဝန်ခွဲဝေခြင်း၊ အပြန်အလှန် လေးစားခြင်းများ ထားရှိခြင်းဖြင့် အမျိုးသမီးခေါင်းဆောင်များ ပိုမို ပေါ်ထွက်လာနိုင်သည့်အပြင် အမျိုးသမီးတို့၏ စကားသံများကို အမျိုးသမီးထုကိုယ်စား တင်ပြနိုင်မည်ဖြစ်သည်။<br>အထူးသတိထားရန်မှာ အမျိုးသမီးများ ခေါင်းဆောင်မှုနေရာတွင် အရေအတွက်အားဖြင့် ပါဝင်စေခြင်း မဟုတ်ဘဲ အမှန်တကယ် ဆုံးဖြတ်ချက်ချနိုင်သည့် နေရာသို့ ရောက်ရှိလာစေရန် တွန်းအားပေး လုပ်ဆောင်မှုများကို ဆန်းစစ် အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ | ဥပမာ -<br>• အမျိုးသမီးများသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် စီမံကိန်းတွင်သာမက မိသားစုအရေးတွင်လည်း မိမိကိုယ်ကို ယုံကြည်မှုများ တိုးလာတယ်။<br>• အစိုးရဌာနများနှင့်လည်း ချိတ်ဆက် လုပ်ဆောင်တတ်လာပြီး ယုံကြည်မှုများ တိုးပွားလာတယ်။<br>• ရပ်ရွာလူထုတွင် အမျိုးသမီးများသည် ခေါင်းဆောင်အနေဖြင့် ပါဝင်လာကြ တယ်။<br>• အချို့ အမျိုးသမီးများသည် ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအနေဖြင့် ပါဝင် ဆောင်ရွက်ရန် စိတ်ဝင်စားလာကြတယ်။ |



# (၄) ကျေးရွာအုပ်စုတွင် နှစ်စဉ်နှစ်တိုင်း အမျိုးသမီးများက ရွေးချယ်သော စီမံကိန်းလုပ်ငန်းခွဲတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်

**မေးမြန်းရန်။** ဘာပုံလို့ထင်လဲ။ ဘာကြောင့် ဒီလိုအပ်ချက်ရှိဖို့ လိုအပ်တာလဲ။ ဒီလိုအပ်ချက်တွေ အကောင်အထည်ဖော်တဲ့အတွက် ဘာတွေအကျိုးရှိမယ်လို့ထင်လဲ။

| ဘာကြောင့် လိုအပ်သနည်း။ | ဘာအကျိုးရှိမည်နည်း။ |
|---|---|
| အမျိုးသမီးများသည် လူအများကြားတွင် ၎င်းတို့၏ လိုအပ်ချက်များကို ရှင်းလင်းစွာ ရဲရဲတင်းတင်း မပြောနိုင်သောကြောင့် အမျိုးသမီးများ အတွက် ၎င်းတို့၏ လိုအပ်ချက်များအား ဖော်ပြနိုင်ရန် နေရာတစ်ခု ဖန်တီးပေးမှုများ လုပ်ဆောင်ရမည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ရာတွင် အမျိုးသမီးများ သဘောတူလာအောင် အတင်းလုပ်ယူခြင်းမျိုး မဟုတ်ဘဲ အမျိုးသမီးများ၏ လိုအပ်ချက်များကို အချိန်ယူ ဖော်ထုတ်ရန် လိုအပ်သည်။ သို့မှသာလျှင် အမျိုးသမီးများသည် ၎င်းတို့၏ လိုအပ်ချက်များကို ဖော်ထုတ်လာနိုင်ပြီး ၎င်းတို့အတွက် အမှန်တကယ် လိုအပ်သော၊ အကျိုးရှိသော လုပ်ငန်းခွဲများ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။<br><br>သတိထားရန်မှာ - အမျိုးသမီးများ သဘောတူလိုက်ရသော စီမံကိန်းကို အကောင်အထည်ဖော်ရုံဖြင့် အမျိုးသမီးများဘက်မှ ဦးစားပေး ရွေးချယ်သော လုပ်ငန်းခွဲဟု မဆိုလိုပါ။ | ဥပမာ -<br>• အမျိုးသမီးများ၏ လိုအပ်ချက်များကို သီးသန့်အစည်းအဝေးများ ပြုလုပ်ပြီး ဖော်ထုတ်လာနိုင်တယ်။<br>• အမျိုးသမီးများအတွက် အမှန်တကယ် လိုအပ်ပြီး အကျိုးရှိသော စီမံကိန်းများကို အကောင်အထည်ဖော်လာနိုင်တယ်။<br>• အမျိုးသမီးများသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် စကားသံများသည် အရေးပါသည်ဟု ခံစားရလာတယ်။ |




အမျိုးသား
- ရွာချင်းဆက်လမ်း တိုးမြှင့်ခြင်း။
- ရေသွယ်ခြင်း။
- သောက်ရေကန် ပြုပြင်ရန်။
- ရွာတွင်းတံတား ပြုပြင်ရန်။
အမျိုးသမီး
- သောက်သုံးရေ ရရှိရန် ✓
- စာသင်ကျောင်းပြုပြင်ရန်
- ကျောင်းအိမ်သာ ပြုပြင်ရန်
- ကျေးရွာဆေးပေးခန်း ပြုပြင်ရန်

# (၅) တူညီသောအလုပ်အတွက် တူညီသော လုပ်အားခ ရရှိရန်

**မေးမြန်းရန်။** ဘာပုံလို့ထင်လဲ။ ဘာကြောင့် ဒီလိုအပ်ချက်ရှိဖို့ လိုအပ်တာလဲ။ ဒီလိုအပ်ချက်တွေ အကောင်အထည်ဖော်တဲ့အတွက် ဘာတွေအကျိုးရှိမယ်လို့ထင်လဲ။

| ဘာကြောင့် လိုအပ်သနည်း။ | ဘာအကျိုးရှိမည်နည်း။ |
|---|---|
| တစ်ခါတစ်ရံတွင် အမျိုးသမီးများ လုပ်ဆောင်သော လုပ်ငန်းများသည် တန်ဖိုးနည်းသော လုပ်ငန်းများဖြစ်သည့်အပြင် အမျိုးသမီးများ လုပ်သည့်အတွက် လုပ်ခ ပို၍ မပေးသင့်ဟူသော အစွဲများ၊ ယုံကြည်မှုများ ကိန်းအောင်းလျက်ရှိသည်။<br><br>စီမံကိန်းတွင် အမျိုးသမီးများအား ပါဝင် လုပ်ကိုင်နိုင်အောင် စီစဉ်ပေးခြင်းများ၊ မိသားစုလုပ်ငန်းများ ထိခိုက်မှုမရှိအောင် ၎င်းတို့အတွက် အလုပ်ချိန် လျှော့ချပေးခြင်းများ၊ အမျိုးသားများနှင့်တန်းတူ အလုပ်အကိုင် အခွင့်အရေးပေးခြင်းများ၊ ၎င်းတို့ ပါဝင်နိုင်သော လုပ်ငန်းမျိုး ဖန်တီးပေးခြင်းများကို လုပ်ဆောင်ရန် လိုအပ်ပါသည်။<br><br>အဘယ်ကြောင့်ဆိုသော် တူညီသော အလုပ်အတွက် လုပ်အားခ ရရှိရန်မှာ အမျိုးသားများနှင့် အမျိုးသမီးများအတွက် အခြေခံကျသော လူ့အခွင့်အရေးဖြစ်သည့်အပြင် လုပ်အားခ ခွဲခြားခြင်းသည် လုပ်သားအချိုးမညီမျှခြင်းကို ဖြစ်စေသည်။ | ဥပမာ -<br>• လူထုဗဟိုပြုစီမံကိန်းတွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ လုပ်အားခ တန်းတူရလာကြတယ်။<br>• ပြင်ပလုပ်ငန်းများတွင်လည်း အမျိုးသမီးများသည် တူညီသော လုပ်အားခများ ရရှိလာကြတယ်။<br>• အမျိုးသမီးများသည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုများ တိုးလာတယ်။<br>• အမျိုးသမီးများသည် စီမံကိန်းလုပ်ငန်းတွင်သာမက ပြင်ပလုပ်ငန်းများတွင် တူညီသော လုပ်အားခ ရရှိရန် ပြောဆိုထောက်ခံလာကြတယ်။ |




## (၆) စီမံကိန်းလုပ်ငန်းစဉ် အဆင့်တိုင်းတွင် ကျား-မရေးရာ အမြင်များ ထည့်သွင်းလုပ်ဆောင်ရန်

**မေးမြန်းရန်။** ဘာပုံလို့ထင်လဲ။ ဘာကြောင့် ဒီလိုအပ်ချက်ရှိဖို့ လိုအပ်တာလဲ။ ဒီလိုအပ်ချက်တွေ အကောင်အထည်ဖော်တဲ့အတွက် ဘာတွေအကျိုးရှိမယ်လို့ထင်လဲ။

| ဘာကြောင့် လိုအပ်သနည်း။ | ဘာအကျိုးရှိမည်နည်း။ |
|---|---|
| အမျိုးသမီးများသည် အမျိုးသားများထက်ပိုမိုဆင်းရဲကြပြီး အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်မှုနည်းပါးကြသည်။ ထို့ကြောင့် အမျိုးသမီးများ၏ လိုအပ်ချက်များအား စီမံကိန်းတွင် ထည့်သွင်းစဉ်းစားရန် နည်းလမ်းများ လိုအပ်ပါသည်။ ထို့အတွက်ကြောင့် စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက်လုံးရှိ လုပ်ဆောင်ချက်များဖြစ်သော<br>- ကြိုတင်ပြင်ဆင်ခြင်း<br>- စီမံကိန်းရေးဆွဲခြင်း<br>- စီမံကိန်းလုပ်ငန်းခွဲ ကြိုတင်ပြင်ဆင်ခြင်း<br>- စီမံကိန်းလုပ်ငန်းခွဲအတွက် တိုင်ပင်ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း<br>- စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော်ခြင်း<br>- စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်ခြင်းနှင့် ပြန်လည် ပြင်ဆင်ခြင်း စသည့် အပိုင်းများတွင် ပါဝင်ပတ်သက်သူအားလုံး (အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲနွမ်းပါးသော.. စသဖြင့်) ပါဝင်ခြင်းသည် ကျား-မရေးရာ ညီမျှမှုကို ရရှိစေနိုင်ပါသည်။ | ဥပမာ -<br>• ကျေးရွာအစည်းအဝေးတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြတယ်။<br>• အမျိုးသားများသည် အမျိုးသမီးများ၏ အကြံဉာဏ်များကို အလေး ထားလာတယ်။<br>• အမျိုးသမီးခေါင်းဆောင်များသည် ရပ်ရွာတွင် စံပြများ ဖြစ်လာတယ်။<br>• ကျေးရွာတွင်ရှိသော အမျိုးသမီးများကို တန်ဖိုးမထားသော အလေ့အကျင့် ထုံးတမ်းအစဉ်အလာများ တဖြည်းဖြည်း ပြောင်းလဲလာတယ်။ |


# စီမံကိန်းလုပ်ငန်းစဉ်အဆင့်များ



လူထုဗဟိုပြု စီမံကိန်း

## We share, respect and value of domestic works

## တို့အားလုံး အတူတူ....တန်ဖိုးထားပြီး အတူတကွ မျှဝေ ထမ်းဆောင်ကြပါစို့...




အမျိုးသမီးများနှင့် အမျိုးသားများသည် မိမိတို့ ဘာဖြစ်ရမည်၊ ဘာလုပ်ရမည်ကို တာဝန်တစ်ရပ်အနေဖြင့် မွေးလာခဲ့ခြင်းမဟုတ်ဘဲ မိမိတို့ ပတ်ဝန်းကျင်တွင်ရှိသော မိသားစု ဆွေမျိုးအသိုင်းအဝိုင်းများက ၎င်းတို့၏ လိင် (ဖို၊ မ သဘာဝ) ကွဲပြားမှုအလိုက် သွန်သင် ဆုံးမလာခဲ့ခြင်းကြောင့် အမျိုးသမီးနှင့် အမျိုးသားတို့၏ အခန်းကဏ္ဍများ သဘာဝက သတ်မှတ်သကဲ့သို့ ကွဲပြားလာကြခြင်းဖြစ်သည်။ လူများ၏ သတ်မှတ်ချက်များကို ပြောင်းလဲလာအောင် လူများကသာ လုပ်ဆောင်နိုင်သည်။ သို့အတွက် အမျိုးသမီး၊ အမျိုးသားတို့အပေါ် ထားရှိသော ရှေးရိုးစွဲအယူအဆများ၊ အတွေးအခေါ်များ ပြောင်းလဲရန် လိုအပ်ပါသည်။

**လိင်ကွဲပြားမှုသည် အရေးကြီးသောအရာ မဟုတ်ဘဲ ထိုကွဲပြားမှုအပေါ် မူတည်ပြီး မခွဲခြားဖို့ရန်သာ အရေးကြီးပါသည်။**